**Network for Democracy and Development**

**Documentation and Research Department**

**P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.**
**E-mail: ndddrd@csloxinfo.com; ndddrd07@gmail.com**

# Weekly Political Events Regarding the Post Election (075/2011)

# ရွေးကောက်ပွဲပြီးနောက် တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၇၅/၂၀၁၁)

၂၀၁၁ ခုနှစ်၊ ဇွန်လ (၂၆) ရက်နေ့မှ ၂၀၁၁ ခုနှစ် ဇွန်လိုင်လ (၀၂) ရက်နေ့အထိ

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

- တရုတ်-မြန်မာနယ်စပ် ကချင် လွတ်မြောက်ရေးအဖွဲ့ KIO ဌာနချုပ်ကို တရုပ်ပိုင်နက်ထဲမှတဆင့် ဝင်တိုက်ပြီး သိမ်းပိုက်ရန် မြန်မာစစ်တပ် ထိပ်ပိုင်း အရာရှိတစ်ဦးနှင့် တရုတ်စစ်တပ်အရာရှိများ လွန်ခဲ့သည့် ၂ ရက်က ယူနန်ပြည်နယ်တွင် လျို့ဝှက်တွေ့ဆုံ ဆွေးနွေးခဲ့ကြကြောင်း ကချင်သတင်းစဉ် KNG တွင် ဇွန် ၂၅ ရက်နေ့က ဖော်ပြထားသည်။ (RFA 260611) Read More...
- ရုရှားလွှတ်တော်အဆင့်ဆင့်ဖွဲ့စည်းပုံနှင့် ကော်မတီများ၏ လုပ်ငန်းများ လေ့လာရန်အတွက် ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်ရေးရာကော်မတီ ဥက္ကဋ္ဌ ဦးရွှေမန်း ဦးဆောင်သည့်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ ဇွန် ၂၅ ရက်နေ့က ရုရှားနိုင်ငံသို့ ထွက်ခွာသွားခဲ့သည်ဟု အမျိုးသားလွှတ်တော် မော်ကွန်းမှတ်တမ်းများ ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာအေးမောင်က ပြောသည်။ (BBC 260611) Read More...
- ဇွန် ၂၄ ရက်နေ့က ရန်ကုန်မြို့ ပြည်လမ်းရှိ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည့် တွေ့ဆုံပွဲတွင် ငြိမ်းချမ်းရေးအတွက် တံခါးများ ဖွင့်ထားပါကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းက ထည့်သွင်းပြောကြားခဲ့သည်။ (EMG 260611) Read More...
- ကချင်ပြည်နယ်အတွင်း ကချင်လွတ်မြောက်ရေးတပ်မတော် KIA မှ ပြုလုပ်ခဲ့သည့် Education, Economy and Development for Youth (EEDY) ခေါ် သင်တန်းတခုသို့ တက်ရောက်ခဲ့သည့် ကချင်လူငယ်များ၏ စာရင်းကို အစိုးရမှ လိုက်လံကောက်ယူနေသဖြင့် လူငယ်တချို့တွင် စိုးရိမ်သဖြင့် ရှောင်တိမ်းနေကြသည်ဟု လိုင်ဇာရောက် ကချင်လူငယ်တစ်ဦးက ပြောသည်။ (BBC 280611) Read More...
- မွန်ပြည်နယ်အတွင်းရှိ အစိုးရနှင့် အပစ်အခတ် ရပ်စဲထားသော တပ်ဖွဲ့ဝင်များအား ဇွန်လ ၃၀ ရက်နေ့ နောက်ဆုံးထားကာ လက်နက်များကို သက်ဆိုင်ရာ ရဲတပ်ဖွဲ့ထံ လာရောက်အပ်နှံရမည်ဟု အရှေ့တောင်တိုင်း စစ်ဌာနချုပ်က ဇွန်လ ၂၆ ရက်နေ့တွင် အမိန့်ထုတ်ထားကြောင်း မုဒုံ ဒေသခံနှင့် မွန်ပြည်သစ်ပါတီ (NMSP) အဖွဲ့ဝင်ဟောင်းဖြစ်သူ နိုင်မွန်ချမ်းက ပြောသည်။ (Irrawaddy 080611) Read More...
- မြန်မာနိုင်ငံသို့ လာရောက်သည့် ကမ္ဘာကျော် ဟောလိဝုဒ် ရုပ်ရှင်သရုပ်ဆောင် မီရှဲလ်ယိုးကို စစ်အစိုးရအာဏာပိုင်များက နာမည်ပျက်စာရင်းသွင်း၍ ပြည်ဝင်ခွင့် ငြင်းပယ်လိုက်သည့်အတွက် ရန်ကုန်လေဆိပ်မှ လှည့်ပြန်သွားရကြောင်း AFP သတင်းတွင် ဇွန် ၂၈ ရက်နေ့က ဖော်ပြထားသည်။ (Irrawaddy 280611) Read More...

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

- လောင်းကစားမှု ပပျောက်ရေးကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ယခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှ စတင်၍ ဆောင်ရွက်ရန် သမ္မတ ဦးသိန်းစိန်က ညွှန်ကြားထားသည်ဟု ပြည်ထဲရေးဝန်ကြီးဌာနမှ အရာရှိကြီးတစ်ဦးက ပြောသည်။ (Irrawaddy 280611) Read More ...
- အစိုးရနှင့် ကချင်လွတ်မြောက်ရေးတပ်မတော် KIA တို့အကြား ဖြစ်ပွားနေသည့် တိုက်ပွဲများ ရပ်ဆိုင်းရေးအတွက် စေ့စပ် ဆွေးနွေး ရန် ဇွန် ၂၈ ရက်နေ့က ကချင်ပြည်နယ်ဝန်ကြီးချုပ်မှ ပြည်သူ့ကိုယ်စား ပြည်နယ်အဆင့် ငြိမ်းချမ်းရေးကြားဝင် စေ့စပ်ရေးအဖွဲ့ဟု အမည်ပေးထားသည့် အဖွဲ့ဝင်ငါးဦးပါအဖွဲ့ကို ဖွဲ့စည်းလိုက်ကြောင်း အဖွဲ့ဝင်တစ်ဦးဖြစ်သူ ကချင်အမျိုးသား အတိုင်ပင်ခံအဖွဲ့ ဥက္ကဌ ဦးဆင်ဂါးနော်က ပြောသည်။ (RFA 280611) Read More...
- ပဲခူးတိုင်း ကျောက်ကြီးမြို့နယ်နှင့် ရွှေကျင်မြို့နယ်ရှိ ဒေသခံရွာသား ၂၉၀ ခန့်ကို ဘုရားကုန်းရှိ အစိုးရတပ် စကခ ၁၂ လက်အောက်ခံ ခမရ ၃၄၅ တပ်ရင်းက ဇွန် ၁၉ ရက်နေ့မှ ဇွန် ၂၉ ရက်နေ့အထိ နေ့စဉ် လုပ်အားပေးခိုင်းစေနေသည်ဟု ရွှေကျင်ဒေသခံတစ်ဦးက ပြောသည်။ (DVB 280611) Read More...
- လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲနှင့် ဘာသာစွဲများ မထားဘဲ ပြည်သူ့အကျိုးစီးပွား အတွက်သာ သန္နိဌာန်ချ ဆောင်ရွက်လျက် ရှိကြကြောင်း ပြည်သူ့ လွှတ်တော်ဥက္ကဌ သူရဦးရွှေမန်းက ရန်ကုန်တိုင်းဒေသ ကြီးအတွင်းရှိ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ကုန်သည်များ၊ စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများနှင့် စာနယ်ဇင်းအသီးသီးမှပုဂ္ဂိုလ်များအား ဇွန်လ ၂၄ ရက်နေ့ မွန်းလွဲ ၁ နာရီခန့်က တွေ့ဆုံခဲ့ရာတွင် ပြောကြားခဲ့သည်။ (Popular News 290611) Read More...
- မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ လူမှုရေးရာဝန်ကြီး ဦးစိုးသန်းမြင့်က မန္တလေးအခြေစိုက် စာနယ်ဇင်း မီဒီယာများနှင့် ဇွန် ၂၀ ရက်နေ့တွင် မဟာအောင်မြေမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၌ ပထမအကြိမ်တွေ့ဆုံပြီး ၎င်းအစိုးရအဖွဲ့ အနေဖြင့် မီဒီယာများ သိလိုသမျှ ဖြေကြားပေးရန် ပြင်ဆင်နေဆဲဖြစ်ကြောင်း လောလောဆယ် ပုံမှန်တွေ့ဆုံမည့် အစီအစဉ်မရှိသေးကြောင်း ပြောကြားလိုက်သည်။ (Popular News 290611) Read More...
- ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ညမထွက်ရ အမိန့်မထုတ်ထားသော်လည်း ည ၇ နာရီ ၈ နာရီခန့်တွင် လမ်းပေါ်၌ သွားလာနေသူများအား ညတိုင်းလိုလို ဖမ်းဆီးစစ်ဆေးမှုများ၊ ဧည့်စာရင်းစစ်ပြီး မသင်္ကာဟုဆိုကာ မည်သည့်နေရာသို့ ခေါ်ဆောင်သွားကြောင်း မသိရခြင်းနှင့် မသင်္ကာသူများအား ဆိုင်ကယ်အပါအဝင် ပစ္စည်းများပါ သိမ်းဆည်းမှုများရှိနေသဖြင့် ဒေသခံများစိုးရိမ်ထိတ် လန့်နေကြပြီး ဖမ်းဆီးခံရသူ အများစုမှာလည်း ကချင်လူမျိုးများဖြစ်နေသည်ဟု မြစ်ကြီးနား ဒေသခံတစ်ဦးက ပြောသည်။ (DVB 290611) Read More...
- နေပြည်တော်၊ မန္တလေး၊ ပြင်ဦးလွင်တို့တွင် ဖြစ်ပွားခဲ့သည့် ဗုံးပေါက်ကွဲမှုများနှင့် ပတ်သက်၍ စိုင်းဆမ်၊ စိုင်းအိုက်နှင့် စိုင်းကျော်မြင့် ဦးတို့ကို ထုတ်ဖော်ပြီး ၎င်းတို့ ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း ဇွန် ၂၉ ရက်နေ့ထုတ် အစိုးရသတင်းစာများတွင် ဖော်ပြထားသည်။ (Irrawaddy 290611) Read More...
- ဇွန် ၂၈ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ပြည်ထဲရေးဝန်ကြီး ဌာနမှ NLD ဥက္ကဌ ဦးအောင်ရွှေနှင့် အထွေထွေအတွင်း ရေးမှူးချုပ် ဒေါ်အောင်ဆန်းစုကြည် ထံသို့လိပ်မူ၍ စာရေးသားပေးပို့ရာတွင် တရားဥပဒေနှင့်အညီ လိုက်နာပါဟူ၍မှာကြားထား သည်။ (Mizzima 290611) Read More...
- ဇွန် ၃၀ ရက်နေ့ထုတ် မြန်မာအစိုးရ သတင်းစာများတွင်လည်း NLD ပါတီအား  ဥပဒေလမ်းကြောင်းထဲမှ နိုင်ငံရေး လုပ်ကိုင်ရန်၊ NLD ပါတီ ပြန်လည် မှတ်ပုံတင်ရန်နှင့် လာမည့်ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ထောက်ပြထားပြီး တစ်နိုင်ငံလုံးနှင့် ကမ္ဘာက အသိအမှတ်ပြုထားသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် အစိုးရအဖွဲ့ကို အသိအမှတ် မပြုသလိုလိုနှင့် နိုင်ငံရေး မကစားရန် သတိပေး ရေးသားထားသည်။ (RFA 300611) Read More...
- သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သော အစိုးရသစ်အဖွဲ့ တာဝန်ယူပြီး ရက် ၉၀ ပြည့်မြောက်ချိန်တွင် ကျင်းပသော ပြည်နယ်၊ တိုင်း လွှတ်တော်များ၏ အထူးအစည်းအဝေးများအပြီးတွင် ပြည်နယ်၊ တိုင်း အစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့် အာဏာများကို ပြည်ထောင်စု အစိုးရ (ဗဟိုအစိုးရ) က ပြန်လည် ချုပ်ကိုင်တော့မည်ဖြစ်ကြောင်း ဒီမိုကရက်တစ်ပါတီ (မြန်မာ) ၏ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ညိုညိုသင်းက ပြောသည်။ (Irrawaddy 300611) Read More...
- ကချင်ပြည်နယ်တွင် အစိုးရနှင့် ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့ KIO တို့ ဖြစ်ပွားနေသည့် ဒေသတွင်းတိုက်ပွဲများ ရပ်ဆိုင်းစေရန် နှစ်ဖက်ကိုယ်စားလှယ်များကို ဇွန် ၃၀ ရက်နေ့က စတင် ဆွေးနွေးခဲ့သည်ဟု KIO အဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဦးလနန်က ပြောသည်။ (NMG  300611) Read More..., KNG, Irrawaddy, Mizzima
- ဇွန်လ ၂၉ နှင့် ၃၀ နှစ်ရက်ဆက်တိုက် ကျင်းပခဲ့သည့် ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်များ၏ အထူးအစည်းအဝေး များတွင် ယခင်က သက်ဆိုင်ရာတိုင်းဒေသကြီးများ၏ လိုအပ်ချက်အရ ဖွဲ့စည်းထားသည့် ဝန်ကြီးဌာနများကို ဖျက်သိမ်းကာ ပြည်နယ်နှင့်

တိုင်း တပြေးညီဖြစ်ရန် ဝန်ကြီးဌာန ၉ ခုကို ပြင်ဆင် ဖွဲ့စည်းလိုက်ပြီး လက်ရှိဝန်ကြီးများက ဆက်လက် တာဝန်ယူသွားမည်ဟု ရခိုင်ပြည်နယ်လွှတ်တော် ဥပဒေပြုရေး ကော်မတီဝင် ဦးအောင်မြကျော်က ပြောသည်။ (VOA 300611) Read More...

- သမ္မတဦးသိန်းစိန် ဦးဆောင်သည့်အစိုးရသစ်က ပင်စင်စားများအတွက် လစာငွေများကို ဇူလိုင်လကုန်မှစပြီး တိုးမြှင့်ခံစားစေမည်ဖြစ်ကြောင်း ဇွန် ၃၀ ရက်နေ့က ထုတ်ပြန်ကြေညာလိုက်ရာ ပင်စင်စားဝန်ထမ်းဟောင်းကြီးများက ကြိုဆိုလိုက်ကြ သည်။ (BBC 010711) Read More...
- ကချင်ပြည်နယ် အစိုးရကိုယ်စားလှယ်များနှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) အရာရှိများသည် ဇွန် ၃၀ ရက်နေ့က တွေ့ဆုံခဲ့ကြပြီး ၎င်းရက်နေ့မှာပင် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေးတွင် ထီးချိုင့်မြို့နယ် အမှတ် ၂ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစန်းမောင်က "ကချင်ပြည်နယ်အခြေစိုက် KIA အဖွဲ့၏ လုပ်ဆောင်ချက်များကို ကန့်ကွက်ကြောင်း" အဆိုတင်သွင်းချက်ကို တိုင်းဒေသကြီးလွှတ်တော်တွင် ဆွေးနွေးသွားမည်ဟု ဇူလိုင် ၁ ရက်နေ့ထုတ် မြန်မာအစိုးရ အာဘော်သတင်းစာတွင် ရေးသားထားသည်။ (KNG 010711) Read More...
- ပြည်ပသတင်းဌာနနှင့် ဖုန်း၊ အင်တာနက်အားဖြင့် သတင်းပေးဆက်သွယ်သည့် ချင်းပြည်နယ် ပြည်နယ် ကိုယ်စားလှယ်များကို တရားစွဲပြီး ငွေဒဏ် ကျပ်ငွေ တသိန်းနှင့်အတူ ထောင်ဒါဏ်တနစ် သို့မဟုတ် ကိုယ်စားလှယ်အဖြစ်မှ ဖြုတ်ချမည်ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောဆိုလိုက်ကြောင်း ချင်းပြည်နယ်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ခေါင်းဆောင်တစ်ဦးက ပြောသည်။ (Khonumthung 020711) Read More...
- ရခိုင်ပြည်နယ်က ဝန်ကြီးဌာန (၉) ခုကို အပြောင်းအလဲ ပြုလုပ်လိုက်သော်လည်း အဆိုပါ အပြောင်း အလဲအပေါ် ရခိုင်ပြည်သူများမှ စိတ်ဝင်စားမှုမရှိကြောင်း နိုင်ငံရေး စိတ်ဝင်စားသူ လူငယ် တစ်ဦးက ပြောသည်။ (Narinjara 020711) Read More...

## တပ်မတော်၏လုပ်ဆောင်ချက်များ

- ဇွန်လ ၂၅-၂၆ ရက်နေ့များတွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့သို့ စစ်လက်နက် ခဲယမ်းအပြည့်အစုံဖြင့် စစ်သားများရောက်ရှိလာသောကြောင့် မကြာမီ စစ်ဖြစ်ပွားတော့မည်ကို ဒေသခံများ စိုးရိမ်ပူပန်နေကြကြောင်း မြို့ခံတစ်ဦးက ပြောသည်။ (DVB 270611) Read More...
- ကချင်ပြည်နယ်တွင် ဖြစ်ပွားနေသည့် တိုက်ပွဲများနှင့် ဖောက်ခွဲရေးသမားများ ဝင်လာမှုရှိနေသည့် သတင်းများကြောင့် မွန်ပြည်နယ် အတွင်း၌လည်း စစ်တပ်လုံခြုံရေးဂိတ်များ တိုးပွားလာပြီး စစ်ဆေးမှု ပိုမိုတင်းကြပ်လာကြောင်း မွန်ဒေသခံများက ပြော သည်။ (IMNA 270611) Read More...
- ရှမ်းပြည်မြောက်ပိုင်း မူဆယ်ခရိုင် တအောင်းဒေသအတွင်းသို့ ဇွန် ၁၇-ရက်နေ့ နောက်ပိုင်းတွင် နောင်ချိုတပ်ရင်း ၅၀၂ နှင့် ကျောက်မဲတပ်ရင်း ၅၀၁ တို့မှ အင်အား ၃၀၀ ထက် မနည်းသော စစ်တပ်အင်အားသည် နမ့်ခမ်း၊ မန်တပ်ရှိ တပ်ရင်း ၁၄၄ သို့ လူနှင့်လက်နက်အင်အားလာရောက် ဖြည့်ဆည်းရာတွင် လမ်းတလျှောက်ရှိ ရွာသားများကို ပေါ်တာဆွဲခြင်းနှင့် မြင်း၊ လားများကို ချောဆွဲခြင်းများပြုလုပ်ခဲ့သည်ဟု ပေါ်တာလိုက်ခဲ့ရသည့် ရွာသားတစ်ဦးက ပြောသည်။ (Palaungland 280611) Read More...
- ကရင်နီပြည်နယ် ရှားတောမြို့နယ် အခြေစိုက် မြန်မာစစ်တပ် ခမရ ၅၇၅ သည် ဇွန်လ ၁၈ နှင့် ၁၉ ရက်နေ့က ရွာသားအယောက် ၅၀ ကို တပ်ရိက္ခာများ ထမ်းပိုးခိုင်းသကဲ့သို့ တငူဆို (ထင်းရှူးတောင်) အခြေစိုက် ခမရ ၃၃၂ ကလည်း လွန်ခဲ့သည့် အပတ်က ကျေးရွာတစ်ရွာလျှင်ရွာသား ၁၀ ယောက်စီ ဆင့်ခေါ်ပြီး ၎င်းတို့တပ်ရိက္ခာများကို သွားရောက်ထမ်းစေခိုင်းခဲ့သည်ဟု ကရင်နီ လူမှုကယ်ဆယ်ရေးအဖွဲ့ဝင် ခူးဥေးရယ်က ပြောသည်။ (KT 280611) Read More... (DVB 010711) Read More...
- လွန်ခဲ့သည့်မတ်လက အစိုးရတပ်များသည် ရှမ်းပြည်နယ်အတွင်း ထိုးစစ်များတွင် ဓာတုလက်နက်များအသုံးပြုခဲ့သကဲ့သို့ ယခု ထပ်မံထိုးစစ်ဆင်မည့် ရှမ်းပြည်တပ်မတော် SSA ဝမ်းဟိုင်းဌာနချုပ်တည်ရှိရာ မိုင်းရှူးမြို့နယ်ထဲတွင်လည်း အလားတူဓာတုလက်နက်များ အသုံးပြုမည့်သတင်းများ ရရှိထားသောကြောင့် ဒေသခံပြည်သူများ ထိခိုက်မှုမရှိရန် ပြောင်းရွှေ့ခိုင်းထားသည်ဟု SSA ဆက်သွယ် ရေးအရာရှိ ဗိုလ်မှူးကြီး ပိုင်ဖက ပြောသည်။ (DVB 300611) Read More...
- ကချင်ပြည်နယ် မိုးကောင်းမြို့နှင့် ဖားကန့်လမ်းတလျှောက်ရှိ တံတားများတွင် မကြာခဏ ဗုံးခွဲမှုများဖြစ်ပွားပြီးနောက် လမ်းတလျှောက်ရှိ ကျေးရွာများမှ လူငယ်များကို ညတိုင်းလိုလိုပင် ရဲနှင့်စစ်တပ်ပေါင်းပြီး ဖမ်းဆီးမှုများ ဆက်တိုက်ပြုလုပ်နေပြီး ဧည့်စာရင်းစစ်သည် ဟုဆိုကာ အမျိုးသား အယောက် ၃၀ ကျော်ကို နန့်ဟိုင်ရွာတရွာတည်းမှ ဖမ်းခေါ်သွားသည်ဟု ဒေသခံတစ်ဦးက ပြော သည်။ (DVB 300611) Read More...
- ကရင်နီပြည်နယ် ဘောလခဲမြို့နယ်အတွင်းရှိ ရွာသစ် ရေကာတာ တည်ဆောက်ရေး စီမံကိန်း လုံခြုံရေးအတွက် မြန်မာအစိုးရ တပ်မှ ဗိုလ်မှူး ဇော်မန်းဖြိုး ဦးဆောင်သည့် ၄၂၃ တပ်ရင်း ( ရှမ်းပြည်နယ်၊ ဖယ်ခုံ အခြေစိုက်)ကို ထပ်မံအင်အား ဖြည့်ချထားသည်ဟု ရွာသစ်ဒေသခံတစ်ဦးက ပြောသည်။ (KT 010711) Read More...

- ဇွန် ၂၁ ရက်နေ့က လက်ဖက်ခြောက်စက်ရုံမှ အိမ်အပြန်လမ်းတွင် မြန်မာစစ်တပ်၏ ပစ်ခတ်ခြင်းခံရသော စိုင်းပန့်သည် မိုင်းရယ်မြို့နယ် ဝမ့်ပုံရွာသားဖြစ်ပြီး မြို့ဆေးရုံသို့ သွားရောက်ဆေးကုသရန် စစ်သားများက ခွင့်မပေးကြောင်း ဆွေးမျိုးတော်စပ်သူတစ်ဦးက ပြောသည်။ (S.H.A.N 010711) Read More...
- သျှမ်းပြည်မြောက်ပိုင်း တန့်ယန်းမြို့ ဗျူဟာမှူး စီးလာသည့်ကားအား SSPP/SSA ဟုယူဆရသော လက်နက်ကိုင် တစုကချောင်းမြောင်းပစ်ခတ်ပြီးနောက်ပိုင်း ယခုရက်ပိုင်းအတွင်း တန့်ယန်းမြို့အတွင်း နေဝင်မီးငြိမ်း အမိန့်ထုတ်ကာ လုံခြုံရေးအထူးတင်းကျပ်ထားသည်ဟု တန့်ယန်းဒေသခံ အမျိုးသားတစ်ဦးက ပြောသည်။ (S.H.A.N 010711) Read More...

## နယ်ခြားစောင့်တပ်နှင့်ပြည်သူ့စစ်အဖွဲ့အစည်းများ

- ကချင်လွတ်မြောက်ရေးအဖွဲ့ KIO ၏ ဗဟိုဌာနချုပ်ဖြစ်သော လိုင်ဇာမြို့ကို တိုက်ခိုက်သိမ်းပိုက်ရန် အစီအစဉ် မရှိကြောင်း အစိုးရလိုလားသော ပြည်သူ့စစ်တပ်ဖွဲ့တစ်ခုဖြစ်သည့် KDA (ကောင်းခါးပြည်သူ့စစ်အဖွဲ့) ပြန်ကြားရေးအဖွဲ့ဝင် ကိုဒေါင်လွမ်းက ယတိပြတ်ငြင်းဆိုလိုက် သည်ဟု ပြန်ကြားရေးအဖွဲ့ဝင် ကိုဒေါင်လွမ်းက ပြောသည်။ (Mizzima 280611) Read More...
- ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အတွင်းရှိ မြို့၊ ရွာ၊ ရပ်ကွက်များတွင် အစိုးရတပ်မှ စစ်သင်တန်းပေးဖွဲ့စည်းထားသည့် ပြည်သူ့စစ်အဖွဲ့သည် ယခုအခါ ဒေသအတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် စစ်တပ်၊ ရဲများနှင့်အတူ အဓိကနေရာမှ ပါဝင်ဆောင်ရွက်နေရသည်ဟု မြစ်ကြီးနား ဒေသခံတစ်ဦးက ပြောသည်။ (DVB 280611) Read More...
- ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ် ကမမောင်းကျေးရွာရှိ အစိုးရစစ်တပ်စခန်းတခုအား ဗိုလ်မှူးစောဘိ ဦးဆောင်သည့် နယ်ခြားစောင့်တပ် (BGF) တပ်ဖွဲ့များက ဇွန် ၂၉ ရက်နေ့တွင် ဝင်ရောက်ပစ်ခတ်ရာ မိနစ် ၃၀ ကြာ နစ်ဖက်အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားခဲ့သဖြင့် လူနေအိမ်တစ်လုံး မီးလောင် ကျွမ်းသွားသကဲ့သို့ တံတားတစ်စင်းလည်း ပျက်စီးသွားသည်ဟု ကမမောင်းရွာသူတစ်ဦးက ပြောသည်။ (KIC 300611) Read More...

## အတိုက်အခံအဖွဲ့အစည်းများ

### (က) ပြည်တွင်းအင်အားစုများ

- မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် ကြိုးပေးသတ်ဖြတ်ခြင်းခံခဲ့ရသည့် ရန်ကုန် တက္ကသိုလ် ကျောင်းသားခေါင်းဆောင် (ချင်းတိုင်းရင်းသား) ဆလိုင်းတင်မောင်ဦး ကျဆုံးခြင်း ၃၅ နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ၎င်း၏ကြွေးကြော်သံများပါဝင်သည့် လက်ကမ်းစာစောင်များ ဖြန့်ဝေသည့် လှုပ်ရှားမှုတစ်ခုကို ဇွန် ၂၆ ရက်နေ့က ရန်ကုန်၊ မန္တလေးနှင့်မြေလတ် ဒေသရှိ မြို့အချို့တွင် ပြည်တွင်းတက်ကြွလှုပ်ရှားသည့် ကျောင်းသားလူငယ်အဖွဲ့ဝင်အချို့က ပြုလုပ်ခဲ့သည်။ (DVB 260611) Read More..., BBC...
- "တိုင်းရင်းသားလူမျိုးစုံ နေထိုင်သည့် မြန်မာနိုင်ငံတွင် ငြိမ်းချမ်းမှု ရှိရန်ဆိုလျှင် မြေမြှုပ်မိုင်း ပပျောက်ရေးကို ဆောင်ရွက်ရန် လိုအပ်နေပြီး အစိုးရတပ်များရော လက်နက်ကိုင်တော်လှန်နေသည့်အဖွဲ့များပါ သုံးစွဲမှုရပ်တန့်ပါရန်" မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတကာ မြေမြှုပ်မိုင်း သုံးစွဲမှုပပျောက်ရေးလှုပ်ရှားမှုအဖွဲ့ ICBL သို့ ပေးပို့သည့် ဗွီဒီယိုမှတ်တမ်းမှ တဆင့် ပြောဆိုလိုက်သည်။ (VOA 260611) Read More...
- အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် NLD က ရန်ကုန်တိုင်း တာမွေမြို့နယ် ရာပြည့်ဈေးမှ ပုံကျဈေးသည် အယောက် ၅၀ ကို အတိုးမဲ့ အသေးစား ငွေချေးပေးနေသည့် အစီအစဉ်သည် အောင်မြင်မှုရရှိသဖြင့် ယင်းအစီအစဉ်ကို အခြားမြို့နယ်များသို့ တိုးချဲ့လုပ်ဆောင်သွားရန် စီစဉ်နေသည်ဟု NLD အမျိုးသမီးအဖွဲ့မှ ဒေါက်တာမေဝင်းမြင့်က ပြောသည်။ (RFA 270611) Read More...
- ရန်ကုန်မြို့ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်(NLD)ရုံးချုပ်တွင် ဇွန် ၂၈ ရက်နေ့က ကျင်းပသည့် တိုင်းနှင့်ပြည်နယ်လူငယ်များနှင့်တွေ့ဆုံပွဲတွင် ဒေါ်အောင်ဆန်းစုကြည်က အကြမ်းဖက်သည့် နည်းသုံး၍ နိုင်ငံ့အာဏာကို ရယူခြင်းနှင့် အကြမ်းဖက်ပြီး အစိုးရအပြောင်းအလဲလုပ်သော အစဉ်အလာများကို ပြောင်းလဲရမည်ဟု ပြောကြားလိုက်ကြောင်း NLD ပါတီပြောခွင့်ရ ပုဂ္ဂိုလ် ဦးအုန်းကြိုင်က ပြောသည်။ (Irrawaddy 280611) Read More..., RFA..., Mizzima...
- ဇွန် ၂၇ ရက်နေ့ ဘီဘီစီ ရုပ်မြင်သံကြားဌာနမှ ထုတ်လွှင့်သည့် ဆွေးနွေး ဟောပြောမှု အစီအစဉ်တွင် မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံမှ ၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေး လှုပ်ရှားမှုများနှင့် Arab Spring ဟုခေါ်သည့် အာရပ်ကမ္ဘာမှ ဒီမိုကရေစီအရေး တောင်းဆို လှုပ်ရှားမှုများကို နှိုင်းယှဉ်ပြီး Liberty လွတ်မြောက်မှုဟု အမည်ပေးထားသည့် မိန့်ခွန်းတွင် Securing Freedom လွတ်လပ်မှုကို ရယူခြင်းဆိုသည့် အမည်ဖြင့် ပြောကြားလိုက်သည်။ (VOA 280611) Read More...

- အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်သည် တရားဝင် ရပ်တည်နေသော နိုင်ငံရေးပါတီ တခုဖြစ်ပြီး လွှတ်တော် အဆင့်ဆင့်နှင့် နိုင်ငံတော် အစိုးရကို ဆန့်ကျင်လိုခြင်း မရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ ဇွန် ၂၈ ရက်နေ့က သတိပေးချက်ကို ပြန်လည်တုံ့ပြန်လိုက်သည်ဟု NLD ဗဟိုအလုပ်မှုဆောင် ဦးဉာဏ်ဝင်းက ပြောသည်။ (Mizzima 290611) Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အနေဖြင့် တရားဥပဒေနှင့် အညီ လိုက်နာ ဆောင်ရွက်ရန်လိုသည်ဟူသော ပြည်ထဲရေးဝန်ကြီး ဌာန၏ သတိပေးစာနှင့်ပတ်သက်၍ NLD ပါတီသည် ဥပဒေနှင့်အညီ ရပ်တည်လျက်ရှိကြောင်း၊ ပြည်ထဲရေးဝန်ကြီးနှင့် တွေ့ဆုံ ဆွေးနွေးလိုကြောင်း ဇွန် ၂၉ ရက်နေ့က ကြေညာချက်စာတစ်စောင် ထုတ်ပြန်လိုက်သည်။ (RFA 290611) Read More...
- နိုင်ငံရေးပါတီအနေဖြင့် လှုပ်ရှားမှုမလုပ်ရန် အစိုးရသစ်က အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်အား သတိပေးနေစဉ်တွင် ကျန်းမာရေး ချို့ယွင်းနေသည့် ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းတင်သည် နေအိမ်၌တလခန့် ဆေးကုသမှုခံယူနေခဲ့ရာမှ ယခုရုံးပြန် တက်နိုင် သောကြောင့် အားတက်မိကြောင်း ဗဟိုလူငယ်လုပ်ငန်းဖော်ဆောင်ရေး တာဝန်ခံ ၁ ကိုမျိုးညွန့်က ပြောသည်။ (Mizzima 300611) Read More...
- မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် အောက်မြန်မာပြည် လူငယ်များနှင့် ရန်ကုန် NLD ရုံးချုပ်တွင် ဇွန် ၂၉ ရက်နေ့က တွေ့ဆုံဆွေးနွေးခဲ့ရာ တိုင်းပြည်၏အနာဂတ်သည် လူငယ်များအပေါ်တွင် မူတည်သောကြောင့် လူငယ်များအနေဖြင့် အရည်အချင်း ပြည့်ဝရန်လိုအပ်ကြောင်း ပြောဆိုလိုက်သည်။ (RFA 290611) Read More...
- နိုင်ငံရေးသမားတစ်ဦးသည် ပြည်သူများနှင့် ထိတွေ့ရန် လိုအပ်သောကြောင့် ၄င်းအနေဖြင့် နယ်ခရီးစဉ်များကို စတင်မည်ဖြစ် ကြောင်း မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က လွတ်လပ်သည့်အာရှအသံ RFA မှ ထုတ်လွှင့်နေသည့် လူထု နှင့်ဒေါ်အောင်ဆန်းစုကြည်အစီအစဉ်တွင် သောတရှင်တစ်ဦး၏ အမေးကို ဖြေကြားလိုက်သည်။ (RFA 300611) Read More...
- မြန်မာနိုင်ငံသည် တိုင်းရင်းသား လူမျိုးပေါင်းစုံ နေထိုင်သည့် နိုင်ငံတစ်ခုဖြစ်ခြင်းကြောင့် မိမိတို့အားလုံး တညီတညွတ်တည်း ရှိစေ ရန် လူ့အခွင့်အရေးသည် ကြီးမားသည့် ညီညွတ်ရေး အကြောင်းတရားတစ်ခုဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က ဒီမိုကရေစီ နိုင်ငံများ အသိုက်အဝန်း၏ ဝန်ကြီးအဆင့် အစည်းအဝေးသို့ ဗွီဒီယိုဖြင့်ပေးပို့သည့် မိန့်ခွန်းတွင် ပြောဆိုလိုက်သည်။ (VOA 300611) Read More...
- ဥရောပနိုင်ငံ တစ်နိုင်ငံဖြစ်သော လစ်သူယေးနီးယား(Lithuania) နိုင်ငံ၌ ဇွန်လ ၃၀ ရက်နေ့က ကျင်းပခဲ့သည့် ဒီမိုကရေစီလူထု အခြေပြုအဖွဲ့များ (Community of Democracies) ဝန်ကြီးအဆင့် အစည်းအဝေးတွင် ဒေါ်အောင်ဆန်းစုကြည်က မြန်မာပြည်သူ လူထု တရပ်လုံး ဒီမိုကရေစီ လူ့အဖွဲ့အစည်းဆီသို့ မကြာမီ ရောက်ရှိတော့မည်ဟု မျှော်လင့်ကြောင်း ဗီဒီယို မိန့်ခွန်းပြောရာ၌ ထည့် သွင်းပြောဆိုခဲ့သည်။ (Irrawaddy 010711) Read More...
- ပြည်သူ့လွှတ်တော် ကိုယ်စားပြု ကော်မတီ CRPP အနေဖြင့် လူငယ်သွေးသစ်များကို ကော်မတီတွင် တာဝန်ပေးရန် ဆုံးဖြတ်ချက် ကို ဇွန် ၁ ရက်နေ့ မွန်းလွဲပိုင်းတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ရုံးချုပ်၌ ကျင်းပသည့် CRPP အစည်းအဝေးမှ ချမှတ်လိုက် သည်ဟု NLD ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်က ပြောသည်။ (RFA 010711) Read More...
- အစိုးရတပ်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား တိုက်ပွဲများ ကျယ်ပြန့်လာနေခြင်းကို အထူးစိုးရိမ် ပူပန်နေကြောင်း နှင့် ကချင်ပြည်နယ်မှ အစိုးရတပ်နှင့်ကချင်လက်နက်ကိုင်များ တဖက်နှင့်တဖက် တွေ့ဆုံဆွေးနွေးကြသကဲ့သို့ တိုက်ပွဲ များဖြစ်နေ သည့် ကျန်အဖွဲ့များလည်း ယင်းကဲ့သို့ ဆွေးနွေးပြီး တစ်တိုင်းပြည်လုံး သဘောဆောင်သည့် တိုင်းရင်းသား စည်းလုံး ညီညွတ်ရေး ရအောင် ဆောင်ရွက်ရန်လိုကြောင်း ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ CRPP ပြောခွင့်ရပုဂ္ဂိုလ် ဦးအေးသာအောင်က ပြောသည်။ (DVB 010711) Read More...
- ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီမှ မြန်မာနိုင်ငံအပေါ် ချမှတ်လိုက်သည့် ဆုံးဖြတ်ချက်ကို မြန်မာအစိုးရ လိုက်နာရေးအတွက် သြစတြေးလျနိုင်ငံက ဝိုင်းဝန်းကူညီရန် ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံကို ရောက်ရှိလာသည့် သြစတြေးလျ နိုင်ငံခြားရေး ဝန်ကြီး Mr. Kevin Rudd ကို ဇူလိုင် ၂ ရက်နေ့ တွေ့ဆုံမှုတွင် ပန်ကြားလိုက်သည်။ (RFA 020711) Read More...

(ခ) တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- ကချင်ပြည်နယ်အတွင်း မြန်မာစစ်တပ်နှင့် KIA ကချင်လွတ်မြောက်ရေးတပ်ဖွဲ့အကြား တင်းမာမှုမရှိတော့ဘဲ အခြေအနေများ နဂိုအနေအထားနီးပါး တည်ငြိမ်မှုရရှိနေပြီဆိုသည့် ပြည်ထောင်စု လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်း၏ ပြောဆိုချက်သည် မှန်ကန်မှု မရှိကြောင်း KIO က ငြင်းဆိုလိုက်သည်။ (RFA 260611) Read More..., BBC...
- သီတင်း ၂ ပတ်ကျော် ကြာလာပြီဖြစ်သည့် ကချင် လွတ်မြောက်ရေးတပ်မတော် KIA နှင့် အစိုးရ တပ်များ၏ တိုက်ပွဲများ အကြား ထွက်ပြေးတိမ်းရှောင်နေရသည့် ဒုက္ခသည်များ အရေးသည် စိုးရိမ်စရာ ဖြစ်နေပြီး နေ့စဉ် ရာနှင့်ချီထွက်ပြေးလာနေသကဲ့သို့ အစိုးရ

တပ်များကလည်း ရှေ့တန်းစခန်းများကို အင်အားများဖြည့်တင်းနေသည်ဟု KIO တွဲဖက် အထွေထွေ အတွင်းရေးမှူး ဦးလနန်က ပြောသည်။ (VOA 260611) Read More...

- ကချင်ပြည်နယ်တွင် ဖြစ်ပွားနေသည့်တိုက်ပွဲများအကြား ကချင်လွတ်မြောက်ရေးတပ်မတော် KIA မှ တောင်းဆိုချက်ကို ယခုအချိန်ထိ အစိုးရတပ်ဖက်မှ လစ်လျူရှုနေမှုအပါအဝင် နှစ်ဖက်အကြားတင်းမာမှုများသည် ပိုမိုဆိုးရွားလာနိုင်စရာ ရှိလာ နေပြီး KIO အနေဖြင့် တရုတ်အစိုးရ၏ ကြားဝင်စေ့စပ်မှုကို မျှော်လင့်နေဆဲဖြစ်ကြောင်းနှင့် သံတမန်နည်းလမ်းများဖြင့်လည်း မဖြစ်မနေဝင်ရောက်ဖြေရှင်းပေးရမည့် အခြေအနေများ ပေါ်ပေါက်လာနိုင်ကြောင်း KIO တွဲဖက်အတွင်းရေးမှူး ဦးလနန်က ပြောသည်။ (RFA 270611) Read More...
- မကြာသေးမီက ယူနန်ပြည်နယ် မန်ရှီမြို့တွင် ပြုလုပ်ခဲ့သည့် တရုတ်-မြန်မာအစိုးရ အရာရှိများ အစည်းအဝေးတွင် ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) ဌာနချုပ် လိုင်ဇာအား တရုတ်နိုင်ငံ နယ်နမိတ် အတွင်းမှတဆင့် စစ်ဆင်ရေးဆင်နွှဲရန် တရုတ်အစိုးရက မြန်မာအစိုးရတပ်ကို ခွင့်ပြုလိမ့်မည်ဟု အယုံအကြည်မရှိကြောင်း KIA ဒု စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဂွမ်မော်က ဇွန်လ ၂၇ ရက်နေ့တွင် ပြောကြားလိုက်သည်။ (Irrawaddy 290611) Read More...
- သျှမ်းပြည်တောင်ပိုင်း မိုင်းနောင်မြို့မှ မိုင်းရှူးမြို့အထွက် လုံခြုံရေးဂိတ်စောင့် ခလရ ၂၈၆ မှ မြန်မာစစ်တပ် အရာရှိ တစ်ဦးအား သျှမ်းပြည်တိုးတက်ရေးပါတီ၊ သျှမ်းပြည်တပ်မတော် (SSPP/SSA) မှ အရပ်ဝတ် တပ်သားတစ်ဦးက ခုတ်သတ်လိုက်သည်ဟု လဲချားရောက် မိုင်းနောင် ကုန်သည်တစ်ဦးက ပြောသည်။ (S.H.A.N 290611) Read More...
- အပစ်ခတ်ရပ် ငြိမ်းချမ်းရေးယူစဉ်က နိုင်ငံရေးပြဿနာများကို ရွေးကောက်ပွဲအရ တက်လာမည့် အစိုးရနှင့်သာ ဆွေးနွေးပါဟု တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကို ယခင်အစိုးရ လက်ထက်က ပြောဆိုခဲ့သော်လည်း လတ်တလော ကချင်၊ ရှမ်း၊ ကရင်ဒေသများတွင် ဖြစ်ပေါ်နေသည့် အစိုးရတပ်များ၏ ထိုးစစ်ကို ကြည့်လျှင် လက်ရှိအစိုးရသည် နိုင်ငံရေးအရ ဆွေးနွေးလိုစိတ်မရှိကြောင်း ကရင်အမျိုးသားအစည်းအရုံး KNU နှင့် မွန်ပြည်သစ်ပါတီ NMSP တို့က သုံးသပ်ပြောဆိုလိုက်သည်။ (RFA 290611) Read More...
- မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား လက်နက်ကိုင်တပ်များ အားလုံး ဇွန်လ ၃၀ ရက် နောက်ဆုံး ထားပြီး လက်နက်ချကြရန် မြန်မာအစိုးရက ကြေညာလိုက်သည့်အပေါ် မွန်ပြည်သစ်ပါတီ NMSP ပြောခွင့်ရပုဂ္ဂိုလ်က မိမိတို့အဖွဲ့အနေဖြင့် လက်နက်ချရန် အကြောင်းမရှိကြောင်း ပြောကြားလိုက်သည်။ (RFA 290611) Read More...
- နယ်ခြားစောင့်တပ်ရင်း (၁၀၁၂) မှ ဗိုလ်မှူးစောဘိ တပ်ဖွဲ့ဝင်များနှင့် KNLA တပ်ဖွဲ့ဝင်များသည် ဇွန် ၃၀ ရက်နေ့ ညနေတွင် ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်အတွင်းရှိ ကမမောင်းနှင့် ရွှေဂွန်းကျေးရွာကြားရှိ တခေါ့ဖိုးမှ တံတား ၂ စင်းနှင့် မင်းဇီကျေးရွာရှိ တံတား ၁စင်းကို ဖျက်ဆီးပစ်ခဲ့သည်ဟု ဗိုလ်မှူးစောဘိက ပြောလာသည်ဟု KNLA တပ်ဖွဲ့ဝင်များက ပြောသည်။ (KIC 300611) Read More..., DVB...
- ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူရွာအနီးရှိ တခေါ့ဖိုးရွာတွင် အစိုးရကို သစ္စာခံသည့် ကရင် နယ်ခြားစောင့်တပ်နှင့် သစ္စာမခံသည့်တပ်များ  ဇွန် ၃၀ ရက်နေ့က တိုက်ပွဲဖြစ်ပွားရာ ကရင်နယ်ခြားစောင့်တပ် အမှတ် ၁၀၁၁ ၏ တပ်ရင်းမှူး ဒု ဗိုလ်မှူးကြီး စိုးနိုင်ကျဆုံးခဲ့သည်ဟု (KNLA) တပ်ရင်း ၁၀၁ တပ်ရင်းမှူး ဒု ဗိုလ်မှူး ကြီးဖောဒိုက ပြောသည်။ (Irrawaddy 010711) Read More..., Mizzima...
- ကရင်ပြည်နယ်၊ လှိုင်းဘွဲမြို့နယ် ခလယ့်ဒေးကားလမ်းအတိုင်း ဇွန်လိုင် ၁ ရက်နေ့ မွန်းလွဲပိုင်းတွင် တက်လာသည့် အစိုးရစစ်တပ် ခမရ (၅၄၇) စစ်ကြောင်း (၁) အား ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် KNLA တပ်မဟာ (၇) တပ်ဖွဲ့ဝင်များက စောင့်ကြို ပစ်ခတ်ခဲ့ရာ အစိုးရတပ်ဘက်က တပ်ရင်းမှူး တစ်ဦး အပါအဝင် ၂ ဦး ကျဆုံးကာ ၄ ဦးထိခိုက်ဒဏ်ရာ ရရှိခဲ့သည်ဟု KNLA တပ်မဟာ(၇) ရုံးထိုင်မှူး ဗိုလ်မှူးစောအယ်ဆဲဆဲက ပြောသည်။  (KIC 020711) Read More..., BBC...
- ကချင်ပြည်နယ် ရွှေကူမြို့နယ်အတွင်း ကချင်လွတ်မြောက်ရေးတပ်မတော် KIA တပ်မဟာ ၂ လက်အောက်ခံတပ်ရင်း ၅ က ၄င်းတို့နယ်မြေအတွင်း နယ်ကျံ့လာသည့် အစိုးရတပ် မပခ လက်အောက်ခံ ခလရ ၁၄၁ တပ်ဖွဲ့နှင့် ဇူလိုင် ၂ ရက်နေ့ နေ့လည် ၁၂ နာရီတွင် ထိပ်တိုက် ရင်ဆိုင်မှုများဖြစ်ပွားကာ အပြန်အလှန်ပစ်ခတ်ခဲ့သည်ဟု KIA က ပြောသည်။ (BBC 020711) Read More...

## ပြည်ပအင်အားစုများ

- ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်သည့် ကျောင်းသားခေါင်းဆောင် ဆလိုင်း ကိုတင်မောင်ဦး၏ စစ်အာဏာရှင် လက်ချက်ဖြင့် ကျဆုံးခြင်း ၃၅ နှစ် ပြည့် အောက်မေ့ဖွယ် အခမ်းအနားကို ဆလိုင်းတင်မောင်ဦး၏ မိသားစုဝင်များက ကနေဒါနိုင်ငံ ဗင်ကူးဗားမြို့တွင် ဇွန် ၂၅ ရက်နေ့က ကျင်းပခဲ့သည်။ (RFA 260611) Read More...

- ကချင်လွတ်မြောက်ရေးတပ်ဖွဲ့ (KIA) အား မြန်မာအစိုးရ စစ်တပ်မှ ထိုးစစ်ဆင်မှုများ ရပ်တန့်ပေးရန် ပြည်ပရောက် ကချင်တိုင်းရင်းသား ၁,၀၀၀ နီးပါးခန့်က မြန်မာသံရုံးများရှေ့တွင်ဇွန်၂၄ ရက်နေ့က ဆန္ဒပြခဲ့ကြသည်ဟု ဩစတြေးလျနိုင်ငံတွင် ဆန္ဒပြပါဝင်ခဲ့သူ ဦးအောင်ဒန်က ပြောသည်။ (KNG 280611) Read More...
- မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့ကို ပြန်လည်ဖွဲ့စည်းရာတွင် အစိုးရသစ်များဖြစ်သည့် ပြည်ထောင်စု ဝန်ကြီးများ ဖြင့်သာ တာဝန်ယူဆောင်ရွက် သွားမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတ၏ အမိန့်ကြော်ငြာစာ အမှတ် ၃၄/၂၀၁၁ ကို ဇွန်လ ၂၄ ရက်နေ့ထုတ် မြန်မာတိုင်း(မ်) သတင်းစာတွင် ဖော်ပြထားရာ ပြည်ပရောက် လူ့အခွင့်အရေး ပညာပေးဌာနမှ ဒါရိုက်တာ ဦးအောင်မျိုးမင်းက လူ့အခွင့်အရေးအဖွဲ့ ဖွဲ့စည်းရာတွင် နိုင်ငံတော် အစိုးရအဖွဲ့ဝင်များ မပါဝင်သင့်ကြောင်း ပြောသည်။ (IMNA 280611) Read More...
- မြန်မာနိုင်ငံတွင်း လက်ရှိဖြစ်ပွားနေသည့် စစ်ရေးတိုက်ပွဲများသည် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းနှင့် မဖြေရှင်းချင်သည့် စစ်အစိုးရအဆက်ဆက်၏ သဘောထားကြောင့်ဖြစ်ပေါ်လာသည့် အကျိုးဆက်များသာဖြစ်သည်ဟု မြန်မာပြည် ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ် DAB အထွေထွေအတွင်းရေးမှူး ဦးမျိုးဝင်းက ပြောသည်။ (DVB 300611) Read More...

## နိုင်ငံရေးအဖွဲ့အစည်းများ

### ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

- ရခိုင်ပြည်နယ် ကြံ့ခိုင်ရေးပါတီ လွှတ်တော်ကိုယ်စားလှယ် ယခင်ပြည်ထဲရေး ဝန်ကြီးဟောင်း ဦးမောင်ဦးသည် ဇွန် ၂၆ ရက်နေ့က ကျောက်ဖြူမြို့တွင် ဝန်ထမ်းများနှင့် တွေ့ဆုံရာ ရခိုင်ပါတီကို မဲအနိုင်ရအောင် လုပ်ပေးခဲ့သည်ဟု စွပ်စွဲပြောဆိုကာ ဌာနဆိုင်ရာ ဝန်ထမ်းများကို ပြစ်တင်ကြိမ်းမောင်းသွားခဲ့ကြောင်း အမည်မဖော်လိုသူ ဝန်ထမ်းတစ်ဦးက ပြောသည်။ (Narinjara 270611) Read More...
- ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် မငေးစုကျေးရွာတွင် လွန်ခဲ့သည့်ဇွန်လမှစတင်ကာ ဒေသခံလူငယ်များ စုပေါင်းဖွင့်လှစ်သင်ကြားနေသည့် အမေ့အိမ်အခမဲ့ ပညာဒါနကျောင်းတွင် တက်ရောက်နေသည့် ကျောင်းသား၊ ကျောင်းသူများ၏ မိဘများကို နယ်မြေခံကြံ့ဖွံ့ပါတီ USDP အတွင်းရေးမှူးမှ ဇွန် ၃၀ ရက်နေ့တွင် အစည်းအဝေးခေါ်ယူကာ ကျောင်းမှထုတ်ကြရန် ခြိမ်းခြောက်ခဲ့သည်ဟု ကျောင်းသား မိဘတစ်ဦးက ပြောသည်။ (DVB 010711) Read More...
- ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီမှ အနိုင်ရလွှတ်တော်ကိုယ်စားလှယ်များကို မဟုတ်မမှန် လုပ်ကြံတရားစွဲဆိုသူ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ USDP အမတ်များသည် အရှုံးနှင့် ရင်ဆိုင်နေရသည့်အပြင် ငွေကုန်လူပန်း ဖြစ်နေကြရ သဖြင့် ပြည်သူများအကြား မျက်နှာမဖော်ရဲအောင် အရှက်ရနေ ကြသည်ဟု မြေပုံမြို့နယ် ပြည်သူ့လွှတ်တော်အမတ် ဦးဖေသန်းက ပြောသည်။ (Narinjara 020711) Read More...

### အခြားပါတီများ

- ဦးအေးလွင် ဦးဆောင်သည့် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်နှင့် ဦးရဲထွန်း ဦးဆောင်သည့် ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီတို့၏ စည်းရုံးရေးခရီးစဉ်တွင် နယ်မြေခံအုပ်ချုပ်ရေး အာဏာပိုင်များနှင့် ရဲများ၏နှောင့်ယှက်မှုကို ကြုံတွေ့နေရကြောင်း ဦးအေးလွင်က ပြောသည်။ (DVB 270611) Read More...
- ကြားဖြတ်ရွေးကောက်ပွဲ ဝင်ရောက်အရွေးချယ်ခံရန် ဒီမိုကရေစီ မိတ်ဆွေ ၁၁ ပါတီ ပူးပေါင်း၍ ကော်မတီတစ်ရပ်ဖွဲ့စည်းရန်အတွက် လာမည့် ဇူလိုင် ၃ ရက်နေ့ မွန်းလွဲ ၁ နာရီတွင် ဒီမိုကရက်တစ်ပါတီ(မြန်မာ) ဌာနချုပ်တွင် တွေ့ဆုံညှိနှိုင်းသွားမည်ဖြစ်ကြောင်း ဇွန် ၂၆ ရက်နေ့က ဒီမိုကရက်တစ်ပါတီ (မြန်မာ)ဥက္ကဋ္ဌ ဦးသုဝေက ပြောသည်။ (Popular News 290611) Read More...
- ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း၊ ကြို့ပင်ကောက် မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကြံ့ဖွံ့ပါတီ USDP မှ ဦးသန့်ဇင်အား ရွေးကောက်ပွဲကာလ မသမာမှုများရှိခဲ့သည်ဆိုသော တိုင်ကြားချက်အမှုတွင် ဒီမိုကရက်တစ်ပါတီ (မြန်မာ) ဒေါ်ချိုချိုကျော်ငြိမ်းမှ ရှုံးနိမ့်ခဲ့ပြီးနောက် ရွေးကောက်ပွဲ ကန့်ကွက်လွှာကို နောက်တစ်ဆင့် တက်ရောက် လျှောက်ထားသွား မည်ဟု ဒေါ်ချိုချိုကျော်ငြိမ်းက ဇွန် ၂၄ ရက်နေ့ စာနယ်ဇင်းရှင်းလင်းပွဲတစ်ရပ်တွင် ပြောသည်။ (Popular News 290611) Read More...

**NDD-** မှတ်တမ်းတင်နှင့်သုတေသနဌာန

- ကချင်ပြည်နယ်အတွင်း အစိုးရနှင့် ကချင်ပြည်လွတ်မြောက်ရေး တပ်မတော် (KIA) တို့အကြား ဖြစ်ပွားနေသည့် တိုက်ပွဲများ ရပ်တန့်နိုင်ရေးအတွက် လွှတ်တော် ကိုယ်စားလှယ်များမှတဆင့် ဆွေးနွေးသွားမည်ဟု စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ (ကချင်ပြည်နယ်) ဥက္ကဋ္ဌ ဦးခက်ထိန်နန်က ပြောသည်။ (NMG 300611) Read More...
- ကချင်လွတ်မြောက်ရေးအဖွဲ့ KIO နှင့် အစိုးရပ်တပ်များအကြား ဖြစ်ပေါ်နေသည့် စစ်ပွဲများ ရပ်ဆိုင်းရန် အမျိုးသား ဒီမိုကရေစီ အင်အားစုပါတီ NDF နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ တစည တို့က ပြောဆိုလိုက်သည်ဟု NDF ခေါင်းဆောင် ဦးခင်မောင်ဆွေက ပြောသည်။ (Mizzima 010711) Read More...
- လက်ရှိ မြန်မာနိုင်ငံတွင် နိုင်ငံရေးပါတီများမှ ထုတ်ဝေနေသည့် စာစောင်များကို စာပေစိစစ်ရေးက တည်းဖြတ်ခြင်း မရှိဘဲ ထုတ်ဝေခွင့်ရနေသဖြင့် ပါတီများအနေဖြင့် စာစောင်များထုတ်ပြီး လွှတ်တော် အပါအဝင် အစိုးရကိုပါ ဝေဖန်နိုင်သည့် အခွင့်အရေးများ ရရှိနေသော်လည်း အခြားပါတီများသည် အလားတူထုတ်ဝေမှု မပြုလုပ်ခြင်းသည် နိုင်ငံရေးတာဝန် မကျေပွန်မှု ဖြစ်သည်ဟု စာစောင်များထုတ်ဝေမှုရှိနေသည့် မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ PDP က ဇွန် ၁ ရက်နေ့တွင် ကြေညာချက်ထုတ် ဝေဖန်လိုက်သည်။ (RFA 010711) Read More...

## ပြည်သူနှင့်လူထုအခြေပြုအဖွဲ့အစည်းများ

- ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ရပ်ကွက်အုပ်ချုပ်ရေးမှူးနေရာ သုံးဆယ်ကို ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီ USDP ဝင်များနှင့် ပါတီနှင့်နီးစပ်သူများကိုသာ ဇွန် ၂၇ ရက်နေ့က ခန့်အပ်လိုက်သည့်အတွက် မကျေမနပ်ဖြစ်နေသော ရက်ကွက်နေပြည်သူ ၁၀၀ ခန့်က ၎င်းတို့ကြည်ညိုလေးစားသူများမပါသောကြောင့် ဇွန် ၂၈ ရက်နေ့တွင် စုပေါင်းလက်မှတ်ရေးထိုးပြီး ပေးပို့လိုက်သည်ဟု သင်္ဃန်းကျွန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်က ပြောသည်။ (DVB 280611) Read More...
- အစိုးရတပ်များနှင့် ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) တပ်ဖွဲ့များအကြား ဖြစ်ပွားသည့် တိုက်ပွဲများကြောင့် စစ်ပွဲဖြစ်ပွားရာ ဒေသရှိ ကချင်ဒေသခံများသည် KIA အခြေစိုက်ရာ လိုင်ဇာမြို့နှင့် တရုတ်နယ်စပ်ဘက်သို့သာမက ယခုအခါ မြစ်ကြီးနားမြို့ပေါ်သို့ပါ ထွက်ပြေးခိုလှုံလာကာ မြို့ပေါ်ရှိ ခရစ်ယာန်ဘုရားကျောင်းများနှင့် နီးစပ်ရာ ဆွေမျိုးမိတ်ဆွေ အိမ်များတွင် ကလေးငယ်နှင့် အမျိုးသမီးများ အများစုပါဝင်သည့် ဒုက္ခသည် လူ ၂,၀၀၀ ကျော်ခန့် ရောက်ရှိလာသည်ဟု ဒုက္ခသည် တစ်ဦးက ပြောသည်။ (VOA 010711) Read More...
- မကွေးတိုင်း ကမ္မမြို့နယ် စစ္စရံရွာမှ ထောင်ဒဏ် (၈) နှစ်ကျော်စီ ချမှတ်ခံထားရသည့် လယ်သမား (၅) ဦး၏ အမှုကို အယူခံ ဝင်ပြီးနောက်ထောင်ဒဏ် အမြင့်ဆုံး ၃ လအဖြစ် လျှော့ချလိုက်ရာမှ ပြန်လွတ်လာသည့် လယ်သမား ၅ ဦးမှာ လမ်းခရီးတွင် ရောက်ရှိနေသော်လည်း မစ္စရံရွာမှ ရွာသားများက အိုးစည်းဗုံဖောင်းတီးခတ် ကြိုဆိုရန် ကမ်းလုံးကျွတ်နီးပါး ရောက်ရှိအောင်ပွဲခံနေကြသည်ဟု ရွာသားများက ပြောသည်။ (DVB 010711) Read More...

## မီဒီယာအခန်းကဏ္ဍ

- ပလက်ဖောင်းဈေးသည်များကို စီမံချက်နှင့် ရှင်းလင်းနေသည့် ရန်ကုန်မြို့တော် စည်ပင် သာယာရေး ကော်မတီက မီဒီယာကော်နာဆိုင်ခန်းများ ထပ်မံ ဆောက်လုပ်ခွင့် ပိတ်ပင်လိုက်ကြောင်း စာပေနှင့်စာနယ်ဇင်း တွဲဖက် အတွင်းရေးမှူး မောင်ခိုင်ခန့်က ပြောသည်။ (Irrawaddy 270611) Read More...
- ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ရန်ကုန်ပြည်သူ့ လွှတ်တော် အဆောက်အအုံ၌ "မြန်မာနိုင်ငံသည် အလွန်နိမ့်ကျလျက်ရှိပြီး အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပေါ်သော ဆူပူအုံကြွမှုမျိုး မဖြစ်ပေါ်စေရန်နှင့် ဆူပူအုံကြွမှုဖြစ်ပေါ်လျှင် ပြည်သူများပင် နစ်နာမည်ဖြစ်ကြောင်း" ပြောကြားခဲ့သော မိန့်ခွန်းကို အစိုးရ သတင်းမီဒီယာအားလုံးက ဆင်ဆာဖြတ်တောက်ထားကြောင်း တသီးပုဂ္ဂလလွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ပြောသည်။ (Irrawaddy 270611) Read More...
- မြန်မာနိုင်ငံ စာပေစိစစ်ရေးနှင့် မှတ်ပုံတင်ဌာနက ထုတ်ဝေခွင့်ပြုထားသော Mobile Guide၊ Health Care၊ First Line Up၊ Soccer၊ မော်ဒန် တိုင်းမ် စသည့်ဂျာနယ်များတွင် မလုံ့တလုံ ဓာတ်ပုံအပါအဝင် စာပေစိစစ်ရေးက မနှစ်သက်သည့် ဓာတ်ပုံ အချို့နှင့် စာအရေးအသားများကို ထည့်သွင်းဖော်ပြထားခြင်းကြောင့် စာပေစိစစ်ရေးရုံးမှ ဇွန်လ ၂၂ ရက်နေ့တွင် ခေါ်ယူသတိပေး လက်မှတ်ထိုးခိုင်းကြောင်း ပြည်တွင်း စာနယ်ဇင်း အယ်ဒီတာများက ပြောသည်။ (Irrawaddy 270611) Read More...

ဘာသာရေးအဖွဲ့အစည်းများ

- ခရိုင် ဥက္ကဋ္ဌ ဦးမောင်မောင်ညွန့်မှ ဒေသခံခရစ်ယာန် ဂိုဏ်းပေါင်းစုံ အသင်းတော် (၁၄) သင်းမှ ဆရာတော်များအားဖိတ်ခေါ်၍ ခရိုင်ရုံးတွင် မြန်မာအစိုးရ၏ စီစဉ်မှုဖြင့် ကချင်ပြည်နယ်ငြိမ်းချမ်းရန် ခရစ်ယာန် ဂိုဏ်းပေါင်းစုံ ဆုတောင်းခြင်း အစီအစဉ်ကို ဗန်းမော်မြို့တွင် ဇွန် ၂၆ရက် တနင်္ဂနွေနေ့ ညနေက ပြုလုပ်ခဲ့သည်။ (KNG 270611) Read More...

နိုင်ငံတကာဆောင်ရွက်မှုများ

(က) ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ

- ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် NLD တို့၏ လှုပ်ရှားမှုများ ရပ်တန့်ရန် မြန်မာအစိုးရက သတိပေးလိုက်သည့်ကိစ္စနှင့်ပတ်သက်ပြီး၊ ဒေါ်အောင်ဆန်းစုကြည်နှင့်သက်ဆိုင်သူ အားလုံးပါဝင်သည့် တွေ့ဆုံဆွေးနွေးရေးကို အကောင်အထည်ဖေါ်ရန် ကုလသမဂ္ဂက မြန်မာအစိုးရကို တိုက်တွန်းလိုက်သည်ဟု ကုလသမဂ္ဂ အတွင်းရေးမှုးချုပ်ရုံး၏ ပြောရေးဆိုခွင့် ရှိသူ မစ္စတာ ဖာရင်ဟတ်က ပြောသည်။ (RFA 300611) Read More...
- မြန်မာအစိုးရမှ ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေးလုပ်ဆောင်ချက်များအပေါ် သတိပေးချက်ထွက်ပေါ်လာပြီးနောက် ဥရောပသမဂ္ဂ EU က မြန်မာနိုင်ငံ၏ အခြေအနေကို အနီးကပ်စောင့်ကြည့်ပြီး မြန်မာနှင့်ဆက်ဆံရေးကို ပြန်လည်သုံးသပ်သည့်အခါ အစိုးရ၏ လက်တွေ့ဆောင်ရွက်ချက်များအပေါ်တွင် အခြေခံစဉ်းစားမှာဖြစ်သည်ဟု EU နိုင်ငံခြားရေးမူဝါဒရေးရာ အကြီးအကဲ ကတ်သရင်း အက်ရှ်တန်၏ ပြောခွင့်ရပုဂ္ဂိုလ်က ပြောဆိုလိုက်သည်။ (BBC 020711) Read More...

(ခ) အစိုးရများ

- မြန်မာအစိုးရ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကုလသမဂ္ဂ စုံစမ်းစစ်ဆေးရေး ကော်မရှင်ဖွဲ့ပြီး စစ်ဆေးနိုင်ရန်အတွက် အမေရိကန်အစိုးရက ကုလသမဂ္ဂ အဖွဲ့ဝင် မိတ်ဆွေနိုင်ငံများနှင့် ဆွေးနွေးနေကြောင်း အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးဌာနက ဇွန် ၂၅ ရက်နေ့က ကြေညာချက် ထုတ်ပြန်လိုက်သည်။ (RFA 260611) Read More..., BBC...
- မြန်မာနိုင်ငံတွင် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီ ပြုပြင်ရေးများ လုပ်ဆောင်ရန် တောင်းဆိုနေသည့် ဩစတြေးလျ အစိုးရအနေဖြင့် ယခု မြန်မာနိုင်ငံသို့ ဇွန် ၃၀ ရက်နေ့တွင် လာရောက်မည့် ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီး ကယ်ဗင် ရပ်ဒ်၏ ခရီးစဉ်အတွင်း ထပ်မံတောင်းဆိုရန် ရှိသည်ဟု မစ္စတာ ရပ်ဒ်က လွှန်ခဲ့သည့် ဇွန် ၂၄ ရက်နေ့က ကြေညာချက်ထုတ်ပြန်ပြောဆိုလိုက်သည်။ (VOA 270611) Read More...
- မြန်မာနိုင်ငံတွင်း လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ပတ်သက်၍ ကုလသမဂ္ဂ၏ စုံစမ်းစစ်ဆေးရေး ကော်မရှင်ဖွဲ့ရေး (COI) ကို ပထမဆုံးထောက်ခံခဲ့သော ဩစတြေးလျနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ကယ်ဗင် ရုဒ်(Mr. Kevin Rudd) သည် မြန်မာနိုင်ငံသို့ ယခုသတင်းပတ်တွင် လာရောက်မည်ဖြစ်ပြီး ခရီးစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အစိုးရထိပ်ပိုင်းခေါင်းဆောင်များနှင့် နိုင်ငံရေး ခေါင်းဆောင်များကို တွေ့ဆုံသွားမည်ဟု အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်(NLD) ခေါင်းဆောင် ဦးဝင်းတင်က ပြောသည်။ (Irrawaddy 270611) Read More..., Mizzima
- မြန်မာ့ ဒီမိုကရေစီ တိုးတက်ဖြစ်ထွန်းရေးအတွက် ဂျပန်နိုင်ငံက ဆက်လက်ကူညီသွားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံ ပါလီမန် ဆိုင်ရာ ဒု နိုင်ငံခြားရေး ဝန်ကြီး မစ္စ မခိကို ခိခုတနှင့် ကိုယ်စားလှယ်အဖွဲ့က ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) သို့ ဇွန် ၂၉ ရက်နေ့၌ လာရောက်တွေ့ဆုံစဉ် ပြောဆိုခဲ့သည်ဟု NLD လူငယ် ခေါင်းဆောင်တစ်ဦးဖြစ်သူ ကိုရာဇာက ပြောသည်။ (Irrawaddy 290611) Read More...
- နိုင်ငံရေးလှုပ်ရှားမှုများ ရပ်တန့်ရန် အာဏာပိုင်များ၏ သတိပေးချက်ထွက်ပေါ်လာပြီးနောက် မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို လွတ်လွတ်လပ်လပ် ခရီးသွားလာခွင့်၊ လွတ်လပ်စွာ ဖော်ထုတ်ခွင့်၊ နိုင်ငံရေး လုပ်ငန်းများတွင် အပြည့်အဝပါဝင်ခွင့်များ သေချာပေါက် ရရှိစေရေး ခွင့်ပြုပေးရန် အမေရိကန် ပြည်ထောင်စုက မြန်မာအာဏာပိုင်များကို တောင်းဆိုလိုက်သည်ဟု ဇွန် ၂၈ ရက်နေ့က အမေရိကန် နိုင်ငံခြားရေးဌာန ပြောခွင့်ရသူ မာ့ခ် တုန်နာ (Mark Toner) မှ ပြောသည်။ (VOA 290611) Read More...

- မြန်မာအစိုးရအနေဖြင့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီ နှင့် ဒေါ်အောင်ဆန်းစုကြည်တို့၏ နိုင်ငံရေးလှုပ်ရှားမှုများကို တားမြစ် ပိတ်ပင်လိုက်ခြင်းသည် ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေး လုပ်ဆောင်ခွင့်၊ လှုပ်ရှားခွင့်များကို ဟန့်တားချိုးဖောက်ခြင်းဖြစ်သည်ဟု အမေရိကန်ပြည်ထောင်စု အရီဇိုးနားပြည်နယ် အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်း (John McCain) က ဝေဖန် ပြစ်တင်လိုက်သည်။ (VOA 290611) Read More...
- မြန်မာနိုင်ငံတွင် ဒီမိုကရေစီရေး ပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်လာစေရေး တွန်းအားပေးရန် အားနည်းနေသေးသည့်အတွက် နိုင်ငံတကာအသိုင်းအဝိုင်းမှ အဓိကကျသူများ၏ ပူးပေါင်း ဆောင်ရွက်မှုများကို ပိုမိုရရှိစေရန် ကြိုးပမ်းနေသည်ဟု အမေရိကန် ပြည်ထောင်စု၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အဖြစ် အမည်စာရင်း တင်သွင်းခံထားရသူ မစ္စတာ ဒဲရက်ခ် မစ်ချဲလ် (Derek Mitchell) က ပြောဆိုလိုက်သည်။ (VOA 290611) Read More...
- အာဏာသိမ်း စစ်အစိုးရ ဖျက်သိမ်းပြီးနောက် မြန်မာနိုင်ငံ၏ နိုင်ငံရေး အခင်းအကျင်းကို လေ့လာအကဲခတ်ရန် ရောက်ရှိနေသည့် ဂျပန်နိုင်ငံ ဒု-နိုင်ငံခြားရေးဝန်ကြီး Ms. Kikuta သည် ဇွန် ၃၀ ရက်နေ့တွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး နှစ်ဖက်စလုံးက ဂျပန်-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရေး တည်ဆောက်ရန် လိုအပ်ကြောင်း သဘောတူညီခဲ့ကြသည်။ (RFA 300611) Read More...
- ဘင်္ဂလာစစ်ဦးစီးချုပ် အမ်း အဘဒူလ်မိုဘိန်း M Abdul Mubeen မြန်မာနိုင်ငံသို့ သွားရောက်ခဲ့သည့် ၅ ရက်ကြာ ခရီးစဉ်အတွင်း နှစ်နိုင်ငံပူး ပေါင်းဆောင်ရွက်မည့် အဓိက အချက်လေးချက်ဖြစ်သော ဘင်္ဂလားမြန်မာနှစ်နိုင်ငံ လေကြောင်းလိုင်း ပြေးဆွဲရေး၊ နှစ်နိုင်ငံအကြား ဆက်သွယ်မည့် ကားလမ်းဖောက်လုပ်ရေး၊ မြန်မာဘက်မှ လယ် မြေ ငှားရမ်းရေးနှင့် နှစ်နိုင်ငံ ပူးပေါင်း အကြမ်းဖက်တိုက်ဖျက်ရေးတို့ ဖြစ်ကြောင်း ဇွန် ၃၀ ရက်နေ့ထုတ် ဘင်္ဂလီ သတင်းစာ တစ်စောင်တွင် ရေးသားသည်။ (Narinjara 300611) Read More...
- ထိုင်းအစိုးရအနေဖြင့် မြန်မာနိုင်ငံတွင်း အစိုးရတပ်များနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များအကြား တိုက်ပွဲများ အခြေအနေနှင့် နယ်စပ်တလျှောက်ရှိ လုံခြုံရေးအခြေအနေများကို အနီးကပ်စောင့်ကြည့်နေကြောင်းနှင့် မြန်မာအစိုးရ၏ သတိနှင့်ပြေပြေလည်လည် ညှိနှိုင်းဆွေးနွေးအဖြေရှာနိုင်မှုကို ယုံကြည်ကြောင်း ထိုင်းအစိုးရ၏ ပြောခွင့်ရပုဂ္ဂိုလ် ဒေါက်တာ ပန်နိတန် ဝါယနာယာဂွန် (Panitan Wattanayagorn) က ပြောဆိုလိုက်သည်။ (VOA 010711) Read More...
- မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုများနှင့် စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးမှုများအတွက် ဩစတြေးလျနိုင်ငံက မည်သို့အကောင်းဆုံး ပံ့ပိုးပေးနိုင်မည်ကို သိရှိရန်အတွက် ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ကယ်ဗင် ရပ်ဒ် (Kevin Rudd) သည် ဇွန် ၃၀ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ၃ ရက်ကြာ ခရီးစဉ် အဖြစ် ရောက်ရှိလာသည်ဟု ဩစတြေးလျသံရုံးမှ အတည်ပြု ပြောကြား လိုက်သည်။ (VOA 010711) Read More...
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေးလှုပ်ရှားမှုများနှင့်ပတ်သက်၍ အစိုးရသစ်မှ ခြိမ်းခြောက် သည့် အသုံးအနှုန်းများနှင့် ပြုမူပြောဆိုလိုက်ခြင်းကို ဗြိတိန်အစိုးရအနေဖြင့် အထူးတလည် စိုးရိမ်မကင်း ဖြစ်မိကြောင်းနှင့် သူမအနေဖြင့် အန္တရာယ်မရှိပဲ လွတ်လွတ်လပ်လပ် သွားလာခွင့် ရှိရမည်ဟု ဗြိတိန် နိုင်ငံခြားရေး ဝန်ကြီး William Hague က ဇွန် ၃၀ ရက်နေ့၌ ပြောကြားလိုက်သည်။ (RFA 010711) Read More...
- နိုင်ငံရေးအကျဉ်းသား ၂ ထောင်ကျော် ပြန်လွှတ်ပေးရေးကိစ္စသည် မြန်မာနိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် အဓိက အရေးပါသည့် ခြေလှမ်းတရပ်ဖြစ်မည်ဟု မြန်မာနိုင်ငံကို ရောက်ရှိနေသည့် ဩစတြေလျ နိုင်ငံခြားရေးဝန်ကြီး Kevin Rudd က မြန်မာအစိုးရကို တိုက်ရိုက် ပြောကြားလိုက်သည်။ (RFA 020711) Read More..., VOA...
- မြန်မာနိုင်ငံကို ရောက်ရှိနေသည့် ဩစတြေလျ နိုင်ငံခြားရေးဝန်ကြီး Kevin Rudd သည် ဇူလိုင် ၁ ရက်နေ့က နေပြည်တော်ကို သွားရောက်ပြီး သမ္မတဦးသိန်းစိန်၊ ပြည်ထောင်စုလွှတ်တော် ဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်တို့နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ရေးနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြသည်။ (RFA 020711) Read More...

## (ဂ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- အမေရိကန်အစိုးရ၏ ၂၀၀၈ ခုနှစ် မြန်မာနိုင်ငံဆိုင်ရာ JADE ဥပဒေအရ မြန်မာအစိုးရကို စီးပွားရေးနှင့် နိုင်ငံရေးအရ ထောက်ခံပံ့ပိုး အားပေးနေသည့် နောက်ထပ် ပုဂ္ဂိုလ် ၄၂ ဦးကို Targeted Sanction လုပ်ရန် US Camapign For Burma က အမေရိကန် ဘဏ္ဍာရေးဝန်ကြီးထံသို့ စာရေးပေးပို့ တိုက်တွန်းလိုက်သည်ဟု အဖွဲ့ မူဝါဒရေးရာ ဒါရိုက်တာ ဦးအောင်ဒင်က ပြောသည်။ (BBC 270611) Read More...

- အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အယူနာရာပရာဒေ့ရှ်ပြည်နယ်တွင်ရှိသည့် ဂျိန်းဖောလူမှုဖွံ့ဖြိုးရေးအဖွဲ့ (SINGPHO DEVELOPMENT SOCIETY) က မြန်မာပြည် မြောက်ပိုင်းရှိ ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO/KIA) ၏ နိုင်ငံရေး ရပ်တည်ချက်အား ထောက်ခံကြောင်း ဇွန် ၂၆ ရက်တွင် ကြေညာချက် ထုတ်ပြန်ခဲ့သည်။ (KNG 290611) Read More...

***End of report/ Saturday, July 02, 2011***
ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။
***Documentation and Research Department (NDD)***